# နိုင်ငံတကာရာဇဝတ်မှုများအတွက် တရားမျှတမှုဆိုင်ရာအခွင့်အရေးများအကြောင်း အရပ်ဘက်လူ့အဖွဲ့အစည်း လက်စွဲစာအုပ်


နိဒါန်း ........ 2

ဖြစ်ရပ်မှန်ရှာဖွေရေးမစ်ရှင်များနှင့် အပြည်ပြည်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းများ ........ 3

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC) ........ 6

အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) ........ 8

ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့် ........ 10

# နိဒါန်း

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေများကို ပြင်းထန်စွာချိုးဖောက်မှုများအတွက် တရားမျှတမှုနှင့်တာဝန်ခံမှုကို ရှာဖွေရာတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် အခြားစိတ်ဝင်စားသည့်အဖွဲ့အစည်းများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ကြပါသည်။

အခြားအရေးကြီးပံ့ပိုးကူညီမှုများတွင် ပြည်တွင်းနှင့်နိုင်ငံတကာ အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့်- (၁) တရားရုံးများအား လက်လှမ်းမီနိုင်ရန်အလို့ငှာ ဒုက္ခရောက်သူများအား နည်းပညာအကူအညီများ ပေးနိုင်သည်၊ (၂) စွပ်စွဲထားရသောချိုးဖောက်မှုများ ဖြစ်ပွားခဲ့သည့်အကြောင်းအရာကို နားလည်ရန် တရားရုံးနှင့် စုံစမ်းစစ်ဆေးရေးဝန်ထမ်းများအား ကူညီပေးနိုင်သည်။ (၃) မျှမျှတတနှင့် ပိုမိုထိရောက်သော တရားမျှတမှုရရှိရေးနည်းလမ်းများအတွက် ထောက်ခံအားပေးနိုင်သည်၊ သို့မဟုတ် (၄) တရားရုံးအမှုများကို ဆက်လက်စောင့်ကြည့်စစ်ဆေးနိုင်သည်။

**ဤလက်စွဲစာအုပ်သည် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်များ**နှင့်**အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းများ**၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး**နှင့်** အပြည်ပြည်ဆိုင်ရာ တရားရုံး**၏ လုပ်ငန်းဆောင်တာများ** အပြင်**ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ပိုင်ခွင့်အောက်ရှိ** အမှုအခင်းများကို တင်ပြပေးမည့် အလားအလာများကိုအကျဉ်းချုပ်ဖော်ပြထားသည်။

နိုင်ငံတကာ တရားမျှတမှုနှင့် တာဝန်ခံမှုများကို စိတ်ဝင်စားသူတိုင်းအတွက် ဤလက်စွဲစာအုပ်ကို အသုံးဝင်စေရန် ကျွန်ုပ်တို့ ရည်ရွယ်ပါသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းဟူသော ဝေါဟာရတွင် ရှေ့နေများ၊ တက်ကြွလှုပ်ရှားသူများ၊ နစ်နာသူ-ရှင်သန်ကျန်ရစ်သူအဖွဲ့အစည်းများနှင့် အခြားစိတ်ဝင်စားသည့်အဖွဲ့အစည်းများ ပါဝင်ပါသည်။

**ကျေးဇူးပြု၍ မှတ်သားရန်မှာ - ဤလက်စွဲစာအုပ်ပါ မည်သည့်အရာကိုမျှ ဥပဒေအကြံဉာဏ်အဖြစ် မပေးထားပါ။**

ဤစာအုပ်ပါအကြောင်းအရာများကို Asia Justice Coalition အတွင်းရေးမှူးရုံးမှ ထုတ်ဝေထားပါသည်။ ၎င်းကို အဖွဲ့ဝင်များ၏ အမြင်များ သို့မဟုတ် ရပ်တည်ချက်များအဖြစ် မသုံးသင့်ပါ။
၂၀၂၄ ခုနှစ် မတ်လတွင် နောက်ဆုံး ပြင်ဆင်မွမ်းမံခဲ့သည်။

# ဖြစ်ရပ်မှန်ရှာဖွေရေးမစ်ရှင်များနှင့် အပြည်ပြည်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းများ

## (မစ်ရှင်များနှင့် အဖွဲ့အစည်းများ)

အချက်အလက်ရှာဖွေရေးမစ်ရှင်/စုံစမ်းရေးကော်မရှင်များနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းများ (မစ်ရှင်များနှင့် အဖွဲ့အစည်းများ) သည် တရားရုံးများ မဟုတ်ပါ။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ဥပဒေချိုးဖောက်မှုများဆိုင်ရာသတင်းအချက်အလက်များကို ချိုးဖောက်မှုဖြစ်ပွားပြီးနောက် တတ်နိုင်သမျှ အမြန်ဆုံး မှတ်တမ်းတင်နိုင်ရန် သို့မဟုတ် စုဆောင်းနိုင်ရန်ဖြစ်သည်။ ဤသတင်းအချက်အလက်ကို အသုံးပြုနိုင်သည်မှာ - ချိုးဖောက်မှုအမျိုးအစား သို့မဟုတ် ချိုးဖောက်မှုအဖြစ်များကြောင်းနှင့်ပတ်သက်၍ တွေ့ရှိချက်များ ပြုစုရန်၊ ဤတွေ့ရှိချက်များကို ဖြေရှင်းရန် အကြံပြုချက်များ ပေးရန်၊ ချိုးဖောက်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာက အာရုံစိုက်လာစေရန်နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းများကိစ္စ၌ တရားစွဲဆိုခြင်းများတွင် အသုံးပြုရန်အတွက် တရားရုံးများသို့ သတင်းအချက်အလက်များ ပေးဆောင်ရန် ဖြစ်သည်။

### မစ်ရှင်များနှင့် အဖွဲ့အစည်းများအကြောင်း နားလည်ခြင်း

*အချက်အလက်ရှာဖွေရေးမစ်ရှင်များ သို့မဟုတ် စုံစမ်းရေးကော်မရှင်များ*

နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်များနှင့် စုံစမ်းရေးကော်မရှင်များသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေချိုးဖောက်မှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန်၊ ရှာဖွေတွေ့ရှိချက်များကို ရယူရန်နှင့် အကြံပြုချက်များပေးရန်အတွက် ယာယီလုပ်ပိုင်ခွင့်ရှိသော တရားစီရင်ရေး မဟုတ်သည့်အဖွဲ့များဖြစ်သည်။ ၎င်းတို့အား အထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီ သို့မဟုတ် လူ့အခွင့်အရေးကောင်စီကဲ့သို့သော ကုလသမဂ္ဂအဖွဲ့အစည်းများမှ တည်ထောင်နိုင်သည်။ ၎င်းတို့၏လုပ်ပိုင်ခွင့်များသည် အချိန်အခါနှင့် နေရာဒေသနယ်ပယ်အရ ကွာခြားနိုင်သည့်အပြင် စုံစမ်းစစ်ဆေးမှုတွင် ပါဝင်ဆောင်ရွက်သည့်တရားရုံးများနှင့် အကြောင်းအရာအရ လုပ်ပိုင်ခွင့်အာဏာပိုင်အဖွဲ့မှ ဆုံးဖြတ်ထားသည့်အတိုင်း ကွဲပြားသည်။

၎င်းတို့သည် ပြည်တွင်း သို့မဟုတ် နိုင်ငံတကာဥပဒေများအရ တရားစွဲဆိုခြင်း၏ ရှေ့ပြေးအဖြစ် သို့မဟုတ် ပိုမိုကျယ်ပြန့်သော အမှန်တရားဖော်ထုတ်ရေးလုပ်ငန်းစဉ်များအတွက် အခြေခံအုတ်မြစ် ချပေးနိုင်သည်။

၎င်းတို့ကို 'အဖွဲ့ဝင်များ'ဟု ခေါ်သော နိုင်ငံတကာဥပဒေရေးရာတွင် အတွေ့အကြုံရှိ နိုင်ငံတကာကျွမ်းကျင်သူများပါသည့်ကော်မတီက မကြာခဏ ဦးဆောင်လေ့ရှိသည်။ အဖွဲ့ဝင်များသည် အမှီအခိုကင်းပြီး ဘက်မလိုက်ဘဲ မြင့်မားသော ကျင့်ဝတ်သိက္ခာ ရှိကြရန် လိုအပ်သည်။ သို့ရာတွင် ၎င်း၏အဖွဲ့ဝင်များသည် သက်ဆိုင်ရာနယ်ပယ်များတွင် အတွေ့အကြုံရှိရန်သော်လည်းကောင်း၊ သက်ဆိုင်ရာဒေသန္တရဘာသာစကားကျွမ်းကျင်မှုရှိရန်သော်လည်းကောင်း ရှိကိုရှိရမည်ဟု မစ်ရှင် သို့မဟုတ် ကော်မရှင်၏လုပ်ပိုင်ခွင့်တွင် မဖော်ပြထားပါ။

မကြာသေးမီက 'ဖြစ်ရပ်မှန်ရှာဖွေရေးမစ်ရှင်များ' ၏ ဥပမာများတွင်- [မြန်မာ]၊ [ဗင်နီဇွဲလား] နှင့် [လစ်ဗျား] တို့ ပါဝင်ပါသည်။ မကြာသေးမီက 'စုံစမ်းစစ်ဆေးရေးကော်မရှင်များ' တွင်- [ဆီးရီးယား]၊ [မြောက်ကိုရီးယား]၊ [ဘူရွန်ဒီ] နှင့် [တောင်ဆူဒန်တို့] ပါဝင်သည်။

*စုံစမ်းစစ်ဆေးရေး အဖွဲ့အစည်းများ*

အချက်အလက်ရှာဖွေရေးမစ်ရှင်များနှင့် စုံစမ်းရေးကော်မရှင်များကဲ့သို့ပင် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းများသည် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေချိုးဖောက်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်းထိန်းသိမ်းရန်အတွက် တရားစီရင်ရေးနှင့်မသက်ဆိုင်သော ယာယီအဖွဲ့အစည်းများ ဖြစ်သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းများကို လုံခြုံရေးကောင်စီ၊ အထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကောင်စီကဲ့သို့သော ကုလသမဂ္ဂအဖွဲ့အစည်းများမှလည်း တာဝန်အပ်နှင်းထားပြီး အချက်အလက်ရှာဖွေရေးမစ်ရှင်များ/စုံစမ်းရေးကော်မရှင်များကဲ့သို့ပင် လိုအပ်ချက်အရ နိုင်ငံတကာအသိအမှတ်ပြုကျွမ်းကျင်သူများကို ဝန်ထမ်းအဖြစ် ခန့်အပ်ထားသည်။

သို့သော်လည်း စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းများသည် အနာဂတ်ရာဇဝတ်မှုဆိုင်ရာတရားစွဲဆိုမှုများကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းများသည် နိုင်ငံတော်၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာတရားရုံးများထံ ပေးအပ်နိုင်သည့် 'အမှုတွဲဖိုင်များ' ကို စုစည်းရန်အတွက် စုဆောင်းရရှိထားသော သတင်းအချက်အလက်များအား ခွဲခြမ်းစိတ်ဖြာရန် တာဝန်အပ်နှင်းခြင်းခံထားရသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းများ၏ ဥပမာများတွင် ဆီးရီးယား (ဖွဲ့စည်းချိန် ၂၀၁၆ ခုနှစ်)၊ အီရတ် (၂၀၁၇ ခုနှစ်) နှင့် မြန်မာနိုင်ငံ (၂၀၁၈ ခုနှစ်)တို့အတွက် အဖွဲ့အစည်းများတို့ ပါဝင်သည်။

## ချိတ်ဆက်မှုမလုပ်ဆောင်မီ အရပ်ဘက်လူ့အဖွဲ့အစည်းသည် မည်သည့်အရာကို စဉ်းစားရမည်နည်း။

အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ မစ်ရှင်များ သို့မဟုတ် အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရေးသည် အလွန်တန်ဖိုးရှိ နိုင်ပါသည်။ သို့သော်လည်း အရပ်ဘက်လူ့အဖွဲ့အစည်းမှ ပါဝင်ဆောင်ရွက်သူများအားလုံးသည် ၎င်းတို့၏လုပ်ငန်းကို မည်သို့အသုံးပြုမည့်အကြောင်းကို ရှင်းရှင်းလင်းလင်း နားလည်ထားရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အရပ်ဘက်လူ့အဖွဲ့အစည်းများက အဆိုပါသတင်းအချက်အလက်များကို မျှဝေပြီးသည်နှင့် မည်သို့မည်ပုံ အသုံးပြုကြောင်းကို ထိန်းချုပ်နိုင်ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် မစ်ရှင်များ သို့မဟုတ် အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် သတင်းအချက်အလက်များ စုဆောင်းရာတွင် ပါဝင်နေသည့် အရပ်ဘက်လူ့အဖွဲ့အစည်းအား ရန်ပုံငွေ သို့မဟုတ် လုံခြုံရေးကို ပံ့ပိုးပေးမည် မဟုတ်ပါ။
အရပ်ဘက်လူ့အဖွဲ့အစည်းများသည် မစ်ရှင် သို့မဟုတ် အဖွဲ့အစည်းများကို အောက်ပါမေးခွန်းများ မေးမြန်းနိုင်ပါသည်။

- သင် မည်သည့်သတင်းအချက်အလက်များ စုဆောင်းနေသနည်း။ သတင်းအချက်အလက်စုဆောင်းခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့နှင့် မျှဝေနိုင်သည့် လုပ်ငန်းစဉ်များ ရှိပါသလား။
- ကျွန်ုပ်တို့ပေးသည့် သတင်းအချက်အလက်များကို သင် မည်ကဲ့သို့ အသုံးပြုမည်နည်း။ ကျွန်ုပ်တို့ပေးသည့် သတင်းအချက်အလက်များနှင့် ပတ်သက်၍ သင် အကြံပြုချက်ပေးမည်လား။
- သင့်အား ကျွန်ုပ်တို့ပေးသည့် သတင်းအချက်အလက်များကို သင် မည်မျှကြာအောင် သိမ်းဆည်းမည်နည်း။
- ကျွန်ုပ်တို့ပေးသည့် သတင်းအချက်အလက်များအပေါ် သင် အသုံးပြုနေချိန် သို့မဟုတ် ဆောင်ရွက်နေချိန်တွင် ကျွန်ုပ်တို့အား အသိပေးမည်လား။
- သင်၏ တိုးတက်မှုအခြေအနေအတွက် ကျွန်ုပ်တို့အား အသိပေးမည်လား။ သို့ပါက မည်မျှမကြာမကြာ အသိပေးမည်နည်း။
- သင်သည် အများသိစေရန် သတင်းထုတ်ပြန်မည်လား။ သို့ပါက မည်သည့်အချိန် ဖြစ်မည်နည်း။

- (နစ်နာသူ/သက်သေ ထွက်ဆိုချက်များအား ပေးအပ်ပါက) ကျွန်ုပ်တို့ ထွက်ဆိုချက်ရယူထားသော နစ်နာသူများ သို့မဟုတ် သက်သေများထံ ဆက်သွယ်လိုသောအခါ သင်သည် ကျွန်ုပ်တို့အား ဆက်သွယ်မည်လား။
- ကျွန်ုပ်တို့ ပေးအပ်သည့် သတင်းအချက်အလက်များနှင့်/သို့မဟုတ် အထောက်အထားများကို ထိန်းသိမ်းကာကွယ်ရန် သင့်တွင် မည်သည့်အကာအကွယ်များ ရှိသနည်း။ ကျွန်ုပ်တို့၏ ဝန်ထမ်း/စေတနာ့ဝန်ထမ်းများအတွက်လား။
- သင့်အား တုံ့ပြန်ချက်/အကြံပြုချက်များကို ကျွန်ုပ်တို့ မည်သို့ ပံ့ပိုးနိုင်မည်နည်း။

မစ်ရှင် သို့မဟုတ် အဖွဲ့အစည်းတစ်ခုသို့ သတင်းအချက်အလက်ပေးဆောင်ရန် ရည်ရွယ်ချက်ဖြင့် ဖြစ်နိုင်ချေရှိသော သတင်းအချက်အလက်များကို စုဆောင်းသည့် အရပ်ဘက်လူ့အဖွဲ့အစည်းများသည် 'ထိခိုက်မှုမရှိစေရန်' ဆောင်ရွက်သင့်သည်။ ဆိုလိုသည်မှာ- (၁) သတင်းအချက်အလက်ပေးသူများ၊ (၂) သတင်းအချက်အလက်များ နှင့် (၃) သတင်းအချက်အလက်စုဆောင်းသူများအား အန္တရာယ်များနည်းပါးစေရမည်။

၎င်းတွင် အောက်ပါတို့ ပါဝင်သည် :

- သတင်းအချက်အလက်များကို လုံခြုံစွာသိမ်းဆည်းခြင်းအပြင် တတ်နိုင်သမျှ သတင်းအချက်အလက်များကို အခြေခံ၍ ၎င်း၏ အရင်းမြစ်သို့ ပြန်လည်ခြေရာခံမနိုင်စေခြင်းဖြင့် သင့်သတင်းရင်းမြစ်များ၏ အထောက်အထားများကို လျှို့ဝှက်စွာ ထိန်းသိမ်းခြင်း။
- အထူးသတင်းအချက်အလက်များအတွက် နစ်နာသူများ သို့မဟုတ် သက်သေများအား နည်းပြလမ်းညွှန်ခြင်းမှ ရှောင်ကြဉ်ခြင်း။
- မည်သည့်တရားရုံးမှစုံစမ်းစစ်ဆေးရေးမှူးများမဆို နစ်နာသူများ သို့မဟုတ် သက်သေများကို ပြန်လည်တွေ့ဆုံမေးမြန်းရန် လိုအပ်နိုင်ကြောင်းကို သတိပြုပြီး စိတ်ဒဏ်ရာ ပြန်လည်ရရှိနိုင်ခြေ သို့မဟုတ် ကွဲလွဲနေသောထုတ်ပြန်ချက်များထုတ်နိုင်ခြေကို လျော့ချရန် နည်းလမ်းများ ရှာဖွေခြင်း။
- သတင်းအချက်အလက်ပေးသူများထံမှ အသိပေးဘောတူချက်ကို လက်ခံရယူခြင်းအပြင် တရားရုံးတစ်ခုသို့ တင်ပြနိုင်မည့် အခြားအဖွဲ့အစည်းထံ ထိုသတင်းအချက်အလက်များ ပေးနိုင်ကြောင်း ကြိုတင်အသိပေးခြင်း။ တရားရုံး၌ ထိုသတင်းအချက်အလက်များကို တရားစွဲခံရသူသို့ နောက်ဆုံးတွင် ထုတ်ဖော်ပြောဆိုနိုင်ပါသည်။
- သင်၏ ဝန်ထမ်းများ သို့မဟုတ် စေတနာ့ဝန်ထမ်းများ သတင်းအချက်အလက်များစုဆောင်းရာတွင် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်မှုတို့ကို ထည့်သွင်းစဉ်းစားခြင်း။

သတင်းအချက်အလက်ပေးသူများ၏ မျှော်လင့်ချက်များကို စီမံဆောင်ရွက်ရန်လည်း အလွန်အရေးကြီးပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မစ်ရှင်များနှင့် အဖွဲ့အစည်းများသည် ၎င်းတို့ကိုယ်တိုင် တရားရုံးများမဟုတ်သောကြောင့် ရာဇဝတ်မှုဆိုင်ရာစစ်ဆေးမှုများတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်မည်မဟုတ်ပါ။

# အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC)

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC) သည် အဆိုးရွားဆုံး နိုင်ငံတကာ ရာဇဝတ်မှုများကို ကျူးလွန်သည်ဟု စွပ်စွဲခံထားရသောတရားခံများကို စုံစမ်းစစ်ဆေးရန်၊ တရားစွဲဆိုရန်၊ စစ်ဆေးစီရင်ရန် ဖွဲ့စည်းထားသည့် တစ်ခုတည်းသော အမြဲတမ်း နိုင်ငံတကာ တရားရုံးဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ ရောမဥပဒေ (Rome Statute) သည် ICC ကို ထူထောင်ပြီး ICC ၏ တရားစီရင်ပိုင်ခွင့်ကို ပြဋ္ဌာန်းထားသည်။ ဖြည့်စွက်ပေါင်းစပ်မှုသဘောတရားအရ နိုင်ငံတကာရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲရန်အတွက် နိုင်ငံတော်တရားရုံးများသည် အဓိကတရားစီရင်ပိုင်ခွင့်ကို ဆက်လက်ထိန်းသိမ်းထားရန်ဖြစ်သော်လည်း ရောမဥပဒေ (Rome Statute) ရေးထိုးထားသည့် နိုင်ငံသည် ထိုသို့လုပ်ဆောင်ရန် အမှန်တကယ် ဆန္ဒမရှိသော သို့မဟုတ် မလုပ်ဆောင်နိုင်သောအမှုတွဲကို ICC မှ ကြားနာနိုင်သည်။ ICCၡ နစ်နာသူများအား ပံ့ပိုးကူညီရန်နှင့် အမှုအခင်းများတွင် နစ်နာသူများကို ကူညီဆောင်ရွက်ပေးရန် အထူးတရားရုံးများရှိသည်။

## ICC အကြောင်း နားလည်ခြင်း

ICC တွင် ဥက္ကဋ္ဌရာထူး၊ တရားသူကြီးအဖွဲ့၊ အစိုးရရှေ့နေရုံး (OTP) နှင့် မှတ်ပုံတင်ဌာနဟူသော အင်္ဂါရပ်လေးပါးဖြင့် ဖွဲ့စည်းထားသည်။ ဤအင်္ဂါရပ်များအပြင် နိုင်ငံပေါင်းစုံလွှတ်တော်များအသီးသီးညီလာခံ (သို့မဟုတ် ရောမဥပဒေပါ သဘောတူညီထားသည့် နိုင်ငံများအားလုံး) နှင့် နစ်နာသူများအတွက် ယုံကြည်မှုရန်ပုံငွေ (Trust Fund for Victims) ရှိသည်။

ICC သည် ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများနှင့် ပတ်သက်သည့် အမှုတွဲများကို ကြားနာနိုင်သည်။ ရောမဥပဒေ (Rome Statute) အရ သတ်မှတ်ထားသည့်အတိုင်း အောက်ပါရာဇဝတ်မှုများ ပါဝင်သည်။

- ' လူမျိုးတုံးသတ်ဖြတ်မှု' သို့မဟုတ် တစ်မျိုးသားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း၊ အမျိုးသားရေး၊ တိုင်းရင်းသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးအုပ်စုများကို ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်သောလုပ်ရပ်များ၊
- ' လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများ' သို့မဟုတ် အရပ်သားများကို ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်သောလုပ်ရပ်များ၊
- ' စစ်ရာဇဝတ်မှုများ' သို့မဟုတ် ဂျီနီဗာသဘောတူညီချက်များကို ပြင်းထန်စွာ ချိုးဖောက်ခြင်းနှင့် စစ်ဥပဒေများကို ပြင်းထန်စွာ ချိုးဖောက်သည့်လုပ်ရပ်များနှင့်
- 'ကျူးကျော်မှု' သို့မဟုတ် ကျူးကျော်ဝင်ရောက်ခြင်း၊ စစ်ရေးအရသိမ်းပိုက်ခြင်း၊ အင်အားသုံး၍ကျူးကျော်သိမ်းပိုက်ခြင်း၊ ဆိပ်ကမ်းများ သို့မဟုတ် ကမ်းရိုးတန်းများကို ပိတ်ဆို့ခြင်း အပါအဝင်ဖြစ်သည့် လုပ်ရပ်များ။

အနည်းဆုံးအနေဖြင့် ပြစ်မှုကျူးလွန်မှု၏ တစ်စိတ်တစ်ပိုင်းသည် နိုင်ငံတော်တစ်ရပ်၏ နယ်မြေအလိုက်တရားစီရင်ပိုင်ခွင့်အတွင်း ဖြစ်ပွားရမည်။

## ICC နှင့် ချိတ်ဆက်မှုမလုပ်ဆောင်မီ အရပ်ဘက်လူ့အဖွဲ့အစည်းသည် မည်သည့်အရာကို စဉ်းစားရမည်နည်း။

ICC နှင့် ချိတ်ဆက်ဆောင်ရွက်ရန် အရပ်ဘက်လူ့အဖွဲ့အစည်းများအတွက် အခွင့်အလမ်းများစွာ ရှိသည်။

- အရပ်ဘက်လူ့အဖွဲ့အစည်းများသည် OTP အား [အချိန်မရွေး](#) သတင်းအချက်အလက်ပေးနိုင်ပါသည်။ ဆက်သွယ်ပြောဆိုခြင်းများအတွက် ပုံစံသီးသန့်မရှိပါ။ သဘောတရားအရ OTP သည် သတင်းအချက်အလက်ရရှိပြီးသည့်အခါ တင်ပြသူအား အသိပေးမည်ဖြစ်ပြီး လက်တွေ့တွင်မူ OTP သည် တုန့်ပြန်ဖြေကြားနိုင်စွမ်း မရှိပေ။ OTP သည် ဤသတင်းအချက်အလက်ကို ထည့်သွင်းစဉ်းစားမည်ဟု အာမခံချက်မရှိပါ။
- အစိုးရရှေ့နေသည် စုံစမ်းစစ်ဆေးမှုစတင်ရန် ရည်ရွယ်ချက်ကို ကြေငြာသည့်အခါတွင် နစ်နာသူများသည် နစ်နာသူများ၏တရားဝင်ကိုယ်စားလှယ်များမှတစ်ဆင့် တရားရုံးသို့ ကိုယ်စားလှယ်များ လျှောက်ထားနိုင်သည် (ရောမဥပဒေ အပိုဒ် ၁၅(၃))။ ကိုယ်စားပြုမှုများ ပြုလုပ်ရန် တစ်ဦးချင်းစီသည် [ICC လုပ်ထုံးလုပ်နည်းနှင့် အထောက်အထား စည်းမျဉ်းများ](#) ၏ စည်းမျဉ်း ၈၅ တွင် သတ်မှတ်ထားသည့် စံနှုန်းအချို့နှင့် ကိုက်ညီရမည် ဖြစ်သည်။
- ICC သည် အရပ်ဘက်လူ့အဖွဲ့အစည်းများထံမှ အကူအညီတောင်းခံနိုင်သည် (ရောမဥပဒေ အပိုဒ် ၄၄)။ သို့သော် ICC သို့မဟုတ် OTP မှ ဤအကူအညီအတွက် ရန်ပုံငွေ မပံ့ပိုးပါ။
- နောက်ဆုံးတွင် စုံစမ်းစစ်ဆေးမှုသည် ရာဇဝတ်မှုဆိုင်ရာတရားစွဲဆိုမှုများအဆင့်သို့ ရောက်ရှိပါက အရပ်ဘက်လူ့အဖွဲ့အစည်းများသည် *amicus curiae* သို့မဟုတ် 'တရားရုံး၏မိတ်ဆွေ' ဟုခေါ်သော သီးခြားကိစ္စရပ်များအတွက် ဥပဒေကြောင်းအရ တရားဝင်တင်ပြမှုများ ပံ့ပိုးပေးရန် တရားရုံးကို ခွင့်ပြုချက်တောင်းခံနိုင်သည်။

ချိတ်ဆက်မှုမလုပ်ဆောင်မီ [အရပ်ဘက်လူ့အဖွဲ့အစည်းအတွက် ထည့်သွင်းစဉ်းစားရန်](#) အသုံးဝင်နိုင်သည်-

- ICC နှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့၏ ရည်မှန်းချက်ပန်းတိုင်များက မည်သည်နည်း။ တရားရုံးနှင့် ချိတ်ဆက်ရန် နစ်နာသူများကို ကူညီပေးမည်လား။ OTP ထံ သတင်းအချက်အလက်များ ပေးဆောင်ရမည်လား။ ၎င်းသည် *amicus curiae* အဖြစ် ဥပဒေကြောင်းအရထင်မြင်ချက်ပေးရမည်လား။
- ထိုရည်မှန်းချက်ပန်းတိုင် ရောက်ရှိရန် မည်သည့်အင်္ဂါရပ် သို့မဟုတ် တရားရုံးက ကူညီပံ့ပိုးပေးလိမ့်မည်နည်း။

# အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)

အပြည်ပြည်ဆိုင်ရာတရားရုံး (**ICJ**) သည် နိုင်ငံများအကြား အငြင်းပွားမှုများကို ဖြေရှင်းပေးပြီး အထူးသဖြင့် စာချုပ်များနှင့်ပတ်သက်၍ နိုင်ငံတကာတာဝန်ဝတ္တရားများ အကောင်အထည်ဖော်မှုဆိုင်ရာ ထင်မြင်ချက်များနှင့် ဆုံးဖြတ်ချက်များကို ပံ့ပိုးပေးသည်။

ICJ သည် နိုင်ငံတကာ တရားမျှတမှုနှင့် တာဝန်ခံမှုအတွက် အရေးပါလာသည်မှာ နိုင်ငံများအကြား *ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေး ကွန်ဗင်းရှင်း* နှင့် *လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ကွန်ဗင်းရှင်းအောက်ရှိ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ချိုးဖောက်သည့် အမှုတွဲများကို ကြားနာနိုင်သောကြောင့် ဖြစ်သည်*။ ICJ သည် အမှုတွင်ပါဝင်သောဘက်များမှ တောင်းဆိုနိုင်သည့် သို့မဟုတ် ကိုယ်တိုင်ချမှတ်နိုင်သည့် — ပါဝင်ပတ်သက်သည့်နိုင်ငံများ၏ အခွင့်အရေးများကို ကာကွယ်ရန်အတွက် ကြားဖြတ်အမိန့်—ယာယီစီရင်ချက်များကိုလည်း [တိုး၍ ချမှတ်လာပါသည်]။ ထို့အပြင် ယာယီအစီအမံများနှင့်အညီ စောင့်ကြည့်စစ်ဆေးရန် တရားသူကြီးများ[အထူးကော်မတီ(ad hoc committee) ကို ဖွဲ့စည်း] ထားသည်။

## ICJ အကြောင်းကို နားလည်ခြင်း

ICJ သည် ကုလသမဂ္ဂ၏ တရားစီရင်ရေးမဏ္ဍိုင် ([Chapter XIV of the UN Charter]) ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးသည် *အပြည်ပြည်ဆိုင်ရာတရားရုံး၏ တရားမျှတမှုဆိုင်ရာဥပဒေ* (**ICJ Statute**) တွင် ပါဝင်သူများဖြစ်သည်။ ICJ သည် အပြည်ပြည်ဆိုင်ရာတာဝန်ဝတ္တရားများနှင့် စပ်လျဉ်း၍ နိုင်ငံများက တင်သွင်းသည့် ငြင်းပွားမှုများကို [၎င်း၏ ဥပဒေအရ] ကြားနာနိုင်ပြီး၊ သဘောတူစာချုပ်၏အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသောအခါ ဤတာဝန်ဝတ္တရားများကို ထိုနိုင်ငံတစ်ခုက လိုက်နာရမည်။

ICJ တွင် တရားစီရင်မှု နှစ်မျိုးရှိသည်။

> **အကြံပေးတရားစွဲဆိုမှုများသည်** အခြားကုလသမဂ္ဂအေဂျင်စီများက တရားရေးပြဿနာအပေါ် ICJ ထံမှအကြံပြုချက်တောင်းနိုင်သည့် အခွင့်အလမ်းများ ဖြစ်ပါသည်။ အကြံပေးထင်မြင်ချက်များသည် စည်းနှောင်မှုမရှိသော်လည်း ၎င်းတို့သည် တရားရုံးတွင် နိုင်ငံတကာဥပဒေဆိုင်ရာတာဝန်ဝတ္တရားများကို မည်သို့အဓိပ္ပာယ်ဖွင့်ဆိုသည်ကို ညွှန်ပြနိုင်သည်။
>
> **အငြင်းပွားဖွယ်ကိစ္စများ** သည် နိုင်ငံများကြားတွင် ဖြစ်ပွားပြီး ပါဝင်ပတ်သက်သည့်နိုင်ငံများသည်သာ တရားရုံးရှေ့မှောက်၌ အမှုတွဲများ ရင်ဆိုင်ရနိုင်သည် (ICJ Statute [Article 34(1)])။ ဤအမှုတွဲများတွင် နယ်မြေပိုင်နက်နှင့် ရေကြောင်းပိုင်နက်နယ်နိမိတ် အငြင်းပွားမှုများနှင့် စာချုပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပါဝင်နိုင်သည်။ အနာဂတ်ဆုံးဖြတ်ချက်များသည် အငြင်းပွားဖွယ်ကိစ္စတစ်ခုတွင် ဆုံးဖြတ်ထားသည်များကို လိုက်နာရန် မလိုအပ်သော်လည်း ဆုံးဖြတ်ချက်သည် အမှုတွဲများအပေါ် စည်းနှောင်မှုရှိသည်။

အခြားရှုပ်ထွေးသော တရားစီရင်ရေးအဖွဲ့များကဲ့သို့ပင် ICJ ရှေ့မှောက်တွင် တရားစွဲဆိုဆောင်ရွက်မှုများသည် ရှည်လျားသည်။ အမှုတွဲများသည် အဆင့်များစွာ ဖြစ်ကျော်ရသည်။

## ICC နှင့် ချိတ်ဆက်မှုမလုပ်ဆောင်မီ အရပ်ဘက်လူ့အဖွဲ့အစည်းသည် မည်သည့်အရာကို စဉ်းစားရမည်နည်း။

ICJ ၏ လုပ်ပိုင်ခွင့်သည် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် မလိုအပ်ပေ။ ထို့အပြင် ၎င်း၏ ဥပဒေ၊ စည်းမျဉ်းများ နှင့် ကျင့်ထုံးလမ်းညွှန်ချက်များ သည် အရပ်ဘက်လူ့အဖွဲ့အစည်းနှင့်ချိတ်ဆက်လုပ်ဆောင်မှုအတွက် အကန့်အသတ်ရှိသော အခွင့်အလမ်းများကိုသာ ပံ့ပိုးပေးပါသည်။

တရားစွဲဆိုမှုအမျိုးအစားသည် ICJ တွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ မည်သို့ပါဝင်နိုင်သည်ကို ညွှန်ကြားပြသသည်။

**အကြံပေးတရားစွဲဆိုမှု**တွင် ICJသည် တရားစွဲမှုတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများအား တိုက်ရိုက်ပါဝင်ခွင့် ပေးထားရုံသာဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တရားရုံး၏ ကျင့်ထုံးလမ်းညွှန်ချက် XII အရ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ တရားရုံးမှတ်ပုံတင်အရာရှိမှတစ်ဆင့် ပေးအပ်ထားသော စာရွက်စာတမ်းများကို နိုင်ငံများနှင့် ကုလသမဂ္ဂအဖွဲ့များ အသုံးပြုရန်အတွက် ရရှိနိုင်မည်ဖြစ်သည်။ သို့သော်လည်း ဤစာရွက်စာတမ်းများသည် အမှုတွဲဖိုင်၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာမည်မဟုတ်ပါ။

**အငြင်းပွားဖွယ်ကိစ္စများတွင်** ICJ ဆိုင်ရာဥပဒေ အပိုဒ် ၅၀သည် သက်ဆိုင်ရာအရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခုထံမှ အထူးပြုသတင်းအချက်အလက်တောင်းခံရန် တရားရုံးအား ၎င်း၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ခွင့်ပြုသည်။ သို့ရာတွင် အထူးပြုအကူအညီကို တောင်းခံပါက တရားရုံးသည် ထိုကဲ့သို့သော အကူအညီများကို ရန်ပုံငွေ မပေးကြောင်း သတိပြုရန် အရေးကြီးပါသည်။

တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ရန် အခွင့်အလမ်းအနည်းငယ်သာ ရှိသော်လည်း အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အစီရင်ခံမှုသည် အရေးကြီးနေသေးသည်။ အဘယ်ကြောင့်ဆိုသော် ICJ တရားသူကြီးများသည် ပါဝင်ပတ်သက်သည့်နိုင်ငံများမှ တရားဝင်ပေးအပ်ထားသည့်အရာများအပြင် သတင်းအချက်အလက်များကို ထည့်သွင်းစဉ်းစားရန် ဆုံးဖြတ်ပိုင်ခွင့်ရှိသောကြောင့်ဖြစ်သည် (*နိဂုံးရှာ ဂူ* [၃၀]ကို ကြည့်ပါ)။ ကန့်သတ်အခြေအနေများ (၁၅၅တွင်)၊ ၎င်း တွင် မှတ်ပုံတင်အရာရှိထံ အထူးတင်ပြခြင်းမရှိသော လူသိရှင်ကြား အားပေးထောက်ခံမှုအစီရင်ခံစာများ ပါဝင်ပါသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများသည် နိုင်ငံများနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ရန်လည်း ကြိုးပမ်းနိုင်သည်။ နိုင်ငံများအတွက် စည်းရုံးလှုံ့ဆော်အားပေးမှုသည် အမှုတွဲတစ်ခု အစပျိုးရန် တွန်းအားဖြစ်နိုင်သည်။ လက်လက်ဆောင်ရွက်ဆဲအမှုတွဲတစ်ခုတွင် အမှုတွဲနိုင်ငံများအား ပေးအပ်ထားသော သတင်းအချက်အလက်များသည် လျှောက်လဲချက်များကို အကြောင်းကြားရန် အထောက်အကူဖြစ်နိုင်သည်။

# ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်

ပို၍များပြားလာသော နိုင်ငံတကာ ပြစ်မှုများအပေါ် ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးသည့် နိုင်ငံတော်တရားစီရင်ပိုင်ခွင့်များသည် သက်ဆိုင်ရာနိုင်ငံမှ မပြုလုပ်လိုသော သို့မဟုတ် မဆောင်ရွက်နိုင်သောအခြေအနေမျိုးတွင် တရားစွဲဆိုခြင်းဖြင့် အပြစ်ဒဏ်မှ ကင်းလွတ်နေခြင်းမှ တားဆီးကာကွယ်နိုင်ပါသည်။ ဤအချက်သည် အထက်တွင်ဖော်ပြထားသော ဖြည့်စွက်ပေါင်းစပ်မှုသဘောတရား နှင့် သက်ဆိုင်သည် - *နိုင်ငံတော်* တရားစီရင်ပိုင်ခွင့်အာဏာများသည် နိုင်ငံတကာပြစ်မှုများကို တရားစွဲဆိုရန် အဓိကတာဝန်ယူပြီး - ICC အပါအဝင်- *နိုင်ငံတကာ* စနစ်ကို 'နောက်ဆုံးအားကိုးရာ' အဖြစ် ထားရှိထားပါသည်။

## ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်အကြောင်းကို နားလည်ခြင်း

နိုင်ငံတွင်းတရားရုံးတစ်ခုသည် ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးသောအခါ၊ ဆိုလိုသည်မှာ ထိုတရားရုံးသည် ထိုတရားရုံးတည်ရှိရာနိုင်ငံ၏ ပိုင်နက်ပြင်ပတွင် အခြားနိုင်ငံသားမဟုတ်သူများအပေါ် နိုင်ငံသားမဟုတ်သူများမှ ကျူးလွန်သည့်ပြစ်မှုများအား ဥပဒေကြောင်းအရ တရားဝင်ကြားနာခြင်းဖြစ်သည်ဟု ဆိုလိုပါသည်။ အချို့ပြစ်မှုများသည် အလွန်တရာရက်စက်ကြမ်းကြုတ်ပြီး မည်သည့်နေရာတွင်မဆို တရားစွဲဆိုနိုင်သင့်သည်ဟူသော ယုံကြည်ချက်ဖြင့် မျှတသည်ဟု မကြာခဏ ယူဆကြသည်။ ထိုပြစ်မှုများတွင် လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများ နှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ပါဝင်သည်။ ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးခြင်းသည် နိုင်ငံတွင်းတရားရုံးများတွင် နိုင်ငံတကာပြစ်မှုများအတွက် ပြစ်မှုဆိုင်ရာတာဝန်ခံမှုကို ရှာဖွေနည်းလမ်းတစ်ခု ဖြစ်သည်။

## အရပ်ဘက်လူ့အဖွဲ့အစည်းသည် ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်အောက်သို့ အမှုတွဲများကို လျှောက်လဲတင်သွင်းရာတွင် မည်သည့်အရာကို စဉ်းစားရမည်နည်း။

တရားရုံးအမှုများအားလုံးကဲ့သို့ပင် အမှုတစ်ခုကို ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်အောက်သို့ ယူဆောင်လာသောအခါ အောင်မြင်မှုကို အာမမခံနိုင်ပါ။ ဥပဒေအကြံဉာဏ်ရယူရန် အလွန်အရေးကြီးပါသည်။ လက်တွေ့ဆန်ပြီး ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်အောက်သို့ အမှုတွဲတစ်ခု လျှောက်လဲတင်သွင်းရာတွင် အချိန်ကြာမြင့်နိုင်သည်ကို သိနားလည်ရန်လည်း အရေးကြီးပါသည်။ ကြိမ်ဖန်များစွာ အမှုများသည် တရားစွဲဆိုခြင်းသို့ မရောက်ရှိပါ။ ရောက်ရှိပါကလည်း အပြစ်ရှိကြောင်း စီရင်ချက်ချနိုင်မည်မဟုတ်ပါ။

သို့ရာတွင် ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်အောက်သို့ အမှုတွဲတစ်ခုကို တင်သွင်းရန် စဉ်းစားပါက အောက်ပါတို့ကို စဉ်းစားခြင်းဖြင့် အထောက်အကူဖြစ်နိုင်သည် -

- **နိုင်ငံ၏ပြည်တွင်းဥပဒေသည် ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်ကို ခွင့်ပြုပြီး နိုင်ငံတကာရာဇဝတ်မှုများကို ပေါင်းစပ်ထည့်သွင်းခြင်း ရှိပါသလား။** ဥရောပနိုင်ငံအများအပြားတွင် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများအတွက် ၎င်းတို့၏ပြည်တွင်းဥပဒေတွင် ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်ကို ပြဋ္ဌာန်းထားရှိသော်လည်း အာရှနိုင်ငံများသည် ဂျီနီဗာသဘောတူညီချက်များအောက်ရှိ 'ကြီးလေးသောချိုးဖောက်မှုများ' ဖြစ်သည့်လုပ်ရပ်များအတွက်သာ ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်ကို ခွင့်ပြုနိုင်ခြေ ပိုများသည်။
- **ဂျီနီဗာကွန်ဗင်းရှင်း၊ ၎င်းတို့၏ ထပ်လောင်း အဖွဲ့အစည်းများ၊ နှင့် ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေး ကွန်ဗင်းရှင်းများ ကဲ့သို့ အချို့သောစာချုပ်များကို နိုင်ငံမှအသိအမှတ်ပြုထားခြင်း ရှိပါသလား။** အဘယ်ကြောင့်ဆိုသော် အဆိုပါစာချုပ်များ တွင် အချို့သော စာချုပ်အခြေခံ ရာဇဝတ်မှုများအတွက် ကျူးလွန်သည်ဟုစွပ်စွဲခံရသူအား 'လွှဲအပ်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်း' တာဝန်ဝ

တ္တရားလည်း ပါဝင်သည်။ ဤတာဝန်ဝတ္တရားသည် ပြစ်မှုကျူးလွန်သူတစ်ဦးအား တရားရုံးတစ်ခုက တရားစွဲနိုင်သည့် စီရင်ပိုင်ခွင့်အာဏာကို *ဖန်တီး* မပေးကြောင်း သတိပြုပါ၊ သို့သော် ယင်းသည် တရားစွဲခံရနိုင် ခြေအလားအလာ ပိုများနိုင်သည်ကို သတိပြုပါ။

- **နိုင်ငံတစ်ခု၏တရားရုံးများနှင့် အစိုးရရှေ့နေများသည် နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာကိစ္စရပ်များ၊ တရားရုံးများ၊ အစိုးရရှေ့နေများနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိပါသလား သို့မဟုတ် အတွေ့အကြုံ ရှိပါသလား သို့မဟုတ် ရဲတပ်ဖွဲ့များသည် ရှုပ်ထွေးသောအမှုများကို စုံစမ်းစစ်ဆေးနိုင်စွမ်း ရှိပါသလား။** ဥပမာအားဖြင့်၊ အချို့သောဥရောပနိုင်ငံများတွင် အမှုတွဲများပြင်ဆင်ရာတွင် အကူအညီပေးရန်နှင့် စစ်ရာဇဝတ်မှုများကို တရားစွဲဆိုရန် အထူးပြဌာနများ **ရှိသည်။**
- **ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးရန်အတွက် ပြည်တွင်းတွင် နိုင်ငံရေးအရ ဆန္ဒ ရှိပါသလား။** ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်ကို ခွင့်ပြုသော နိုင်ငံအချို့တွင် ရှေ့နေချုပ်ကဲ့သို့သော နိုင်ငံ၏ အမြင့်ဆုံး ဥပဒေအရာရှိက တရားစွဲဆိုမှုကို အတည်ပြုရန် လိုအပ်သည်။ အလားတူပင် ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်ကိစ္စရပ်များသည် ရှုပ်ထွေးပြီး အချိန်ကြာမြင့်သောကြောင့်၊ ကျယ်ပြန့်သော နိုင်ငံတော်-အရင်းအမြစ်များကို အသုံးပြုရန် လိုအပ်ပါသည်။
- တရားစွဲရန် တောင်းဆိုချက်များကို တရားဝင်ခွင့်ပြုပေးထားပြီးဖြစ်သော **နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းမှတစ်ဆင့် ဖြစ်နိုင်ခြေရှိသော သက်သေအထောက်အထားများကို ရယူနိုင်ခြင်း ရှိပါသလား**။
- **အခြားနေရာများတွင် အခြားအသက်ဝင်သောတရားစွဲဆိုခြင်း ရှိပါသလား**၊ မည်သည့်တရားဥပဒေ 'ကွာဟချက်' က ဤအမှုအားဖြည့်ဆည်းပေးသည်ကို ရှင်းရှင်းလင်းလင်း သိနိုင်ပါသလား**။**
- **နိုင်ငံ၏ပိုင်နက်တွင် တရားခံရှိနေနိုင်သလား၊ ရှိနေနိုင်ရန် အစီအစဉ် ရှိပါသလား၊** တရားခံသည် နိုင်ငံ၏ပိုင်နက်အတွင်း၌ ရုပ်ပိုင်းဆိုင်ရာအရ မရှိပါက ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးနိုင်မှု ရှိမရှိနှင့်ပတ်သက်၍ သဘောထားနှင့် ကျင့်ထုံးကို ပိုင်းခြားထားသည်။ အချို့နိုင်ငံများသည် တရားခံ မရှိနေပါက အမှုဖွင့်ခွင့်ပြုပြီး အချို့နိုင်ငံများတွင် တရားခံသည် ၎င်း၏ပိုင်နက်တွင် 'ဆန္ဒအလျောက်' ရှိရန် လိုအပ်သည်။ တရားခံလွှဲပြောင်းပေးမှုကြောင့် 'ဆန္ဒအလျောက်' ဟူသည် တည်ရှိနေခြင်းအား အကျုံးမဝင်ပါ။

## လက်စွဲစာအုပ်အကြောင်း

ဤလက်စွဲစာအုပ်သည် အာရှတစ်ဝှမ်းရှိ အရပ်ဘက်လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များအတွက် Asia Justice Coalition မှ ပြုလုပ်သောသီတင်းပတ်ပေါင်းများစွာကြာသည့် သင်တန်း၏ ရလဒ်ဖြစ်သည်။

ဤဘာသာပြန်သည် အင်္ဂလိပ်ဘာသာဖြင့် ပေးထားသည့် လက်စွဲစာအုပ်၏ အတိုချုံးထားသောဗားရှင်းဖြစ်ပြီး ဤနေရာတွင် ရနိုင်ပါသည်။

## ညွန့်ပေါင်းအဖွဲ့အကြောင်း

၂၀၁၈ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် Asia Justice Coalition ၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေများကို ပြင်းထန်စွာချိုးဖောက်မှုများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရှိစေရန်အတွက် အာရှ၏တရားရေးအခင်းအကျင်းကို မြှင့်တင်ရန်ဖြစ်သည်။ ညွန့်ပေါင်းအဖွဲ့သည် ဒေသတွင်းလုပ်ဆောင်နေသည့် ပြည်တွင်းနှင့် နိုင်ငံတကာအရပ်ဘက်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု၊ အရင်းအမြစ်ခွဲဝေမှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများမှတစ်ဆင့် လုပ်ဆောင်လျက်ရှိသည်။ တရားမျှတမှုနှင့်တာဝန်ခံမှုနှင့် စပ်လျဉ်းသည့်ပူးတွဲလှုပ်ရှားမှုများကို ဆောင်ရွက်ခြင်းနှင့် စုပေါင်းစည်းရုံးလှုံ့ဆော်မှုတွင် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ၎င်း၏လုပ်ငန်းကို ပြီးမြောက်စေပါသည်။

ဝဘ်ဆိုဒ် | တွစ်တာ | ဖေ့ဘုတ် | လင့်ခ်အင်